မန္တလေးခရိုင်တရားရုံး

၂၀၁၇ ခုနှစ် ၊ တရားမအယူခံမှုအမှတ် - ၁၀၆

အမရပူရမြို့နယ်တရားရုံး၊ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈၉အမှုတွင် ၂၀၁၇ခုနှစ် အောက်တိုဘာလ(၁၇)ရက်နေ့တွင် ချမှတ်သောစီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှု

| | | |
|---|---|---|
| ၁။ မသီရိရွှေစင် | နှင့် | ၁။ ဦးခင်မောင်တင့် |
| ၂။ ကိုနေရီလင်း | | ၂။ ဒေါ်မော်စု(ခ)စန်းစန်းနွယ် |
| ၃။ မထိုက်ရွှေစင် | | |
| ၄။ မနှင်းရွှေစင် | | |
| ၅။ မမြတ်မိုးရွှေစင် | | |
| (အယူခံတရားလိုများ) | | (အယူခံတရားပြိုင်များ) |

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးခင်မောင်မြင့်၊ တရားလွှတ်တော်ရှေ့နေ |
| | | ဒေါ်ခင်ဌေးဝင်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ဦးခင်မောင်ဦး၊ တရားလွှတ်တော်ရှေ့နေ |

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၇ ရက်

အမရပူရမြို့နယ်တရားရုံး၊ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈၉တွင် ဦးခင်မောင်တင့် ပါ-၂ဦးက မသီရိရွှေစင် ပါ-၅ဦးအပေါ် တရားလိုများပိုင် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဆင်တူယိုးမှား တုပပြုလုပ်သည့် တရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်အား ဖျက်ဆီးစေပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချမှုမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းနှင့်

နစ်နာကြေးငွေရလိုကြောင်း စွဲဆိုသည်။ အဆိုပါအမှုတွင် အမရပူရမြို့နယ်တရားရုံးမှ တရားပြိုင်များထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်အား ဖျက်ဆီးပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းထုတ်ပေးစေရန်နှင့် နစ်နာကြေးငွေသိန်း(၃၀)အား တရားပြိုင်များက တရားလိုသို့ ပေးစေရန်စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့သည်။ အဆိုပါစီရင်ချက်နှင့် ဒီကရီကို မသီရိရွှေစင် ပါ-၅ဦးက ကျေနပ်မှုမရှိသဖြင့် ဤတရားမှအယူခံမှုတင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုတို့က ရွှေလွန်းအိမ်ပိုးထည်တိုက် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ၁၉၈၇ခုနှစ်ကတည်းက စစ်ကိုင်းမြို့တွင် ပိုးထည်အမျိုးမျိုးနှင့် ပိုးစစ်လွန်းရာကျော်ချိတ်အမျိုးမျိုးတို့ကို မိမိတို့၏ ယက္ကန်းလုပ်ငန်းမှ ကိုယ်တိုင်ထုတ်လုပ်ပြီး မြန်မာပြည်အနှံ့ထုတ်လုပ်ဖြန့်ချီရာ၌ အများပြည်သူနှစ်ချိုက်စွာ အသုံးပြုခဲ့ကြောင်း၊ ၁၉၈၇ခုနှစ်မှ ယနေ့အထိ ရွှေလွန်းအိမ်အမည်ကို စဉ်ဆက်မပြတ်သုံးစွဲခဲ့ပြီး လုပ်ငန်းလိုင်စင်အား စစ်ကိုင်းမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၄၂/၂၀၁၁အား မစန်းစန်းနွယ်အမည်ဖြင့်လည်းကောင်း၊ မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၆၄၈/၂၀၁၁အား ဦးခင်မောင်တင့်အမည်ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ်ပုံသဏ္ဍာန်မှာ တံဆိပ်အောက်ခံကို အညိုရောင်ထားပြီး တံဆိပ်ဘယ်ဘက်ထိပ်တွင် ကုန်အမှတ်တံဆိပ်ဖြစ်သောလွန်းအိမ်ပုံကို ဖော်ပြထားကြောင်း၊ ၎င်း၏ဘေးတွင် အဖြူရောင်မြန်မာစာလုံးဖြင့် "ရွှေလွန်းအိမ်" ဟုဖော်ပြထားကြောင်း၊ ၎င်း၏အောက်တွင် အဖြူရောင်စာလုံး ပိုးထည်တိုက်(ပင်ရင်း)ဟု ဖော်ပြထားပြီး အောက်ဖက်တွင် ပွဲတက်ဝတ်စုံချိတ်အမျိုးမျိုး၊ ပွဲတက်ကျားဝတ်ပုဆိုးအမျိုးမျိုး၊ ပိုးစစ်ချိတ် ပိုးဖဲချိတ်၊ ပိုးယုံချိတ်၊ ချီယုံချိတ်၊ လက်လီလက်ကားအရောင်းဆိုင်ဟု ဖော်ပြထားကြောင်း၊ အောက်တွင် အဖြူရောင်စာလုံး ကိုခင်မောင်တင့်+မမော်စုနှင့် အောက်တွင် လွန်းရာကျော်ပိုးစစ်အချိတ်ဟု ဖော်ပြထားကြောင်း၊ ဖြန့်ချီရာနေရာအဖြစ် နန်းဦးမြို့သစ်အရှေ့ပိုင်း၊ ဆင်များရှင်ဘုရားမြောက်ဖက်ပန်းဘဲတန်းရပ် စစ်ကိုင်းမြို့ဟု ထည့်သွင်းထားပြီး မြန်မာနိုင်ငံတဝှမ်းလုံးသို့ စဉ်ဆက်မပြတ်ဖြန့်ဖြူးရောင်းချ၍ ၂၀၀၇-၂၀၀၈ခုနှစ်တွင် လူအများမြင်သာသိသာသည့်နေရာတွင် ကြော်ငြာဆိုင်းဘုတ်စိုက်ထူ၍ အများပြည်သူသိစေရန် ကြေငြာခဲ့ကြောင်း၊ မိမိတို့၏ ကုန်အမှတ်တံဆိပ်သည် ဆင်တူယိုးမှားပြုလုပ်ထားသည့် ရွှေလွန်းအိမ်ပိုးထည်(အမရပူရ)ကုန်အမှတ်တံဆိပ်အမည်ဖြင့် စာသား၊ ပုံစံတို့ကို တုပပြုလုပ်ပြီး ၂၀၁၂ခုနှစ်မှစ၍ စစ်ကိုင်းမြို့အပါအဝင် အခြားမြို့များသို့ ဖြန့်ဖြူးရောင်းချနေကြောင်းသိရရာ မိမိတို့ဖောက်သည်များက ထိုကုန်အမှတ်တံဆိပ်ဖြင့် ဆိုင်ခွဲများဖွင့်လှစ်ခြင်း ရှိ-မရှိ မေးမြန်းရာမှ ထိုသို့တုပထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချနေသည်ကိုသိရကြောင်း၊ မိမိတို့က ၁၅-၉-၂၀၁၄ရက်စွဲပါ နို့တစ်စာဖြင့် ထိုကဲ့သို့ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်တုပပြီး ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့် ထုတ်လုပ်ပြီးပစ္စည်းများကို ဖျက်ဆီးပစ်ကာ ဆက်လက်မလုပ်ကိုင်ရန် တရားပြိုင်များထံ အကြောင်းကြားထားသော်လည်း ဆက်လက်ဖောက်ဖျက်လျက်ရှိကြောင်း၊ တရားပြိုင်များက ထိုကဲ့သို့ တုပပြုလုပ်ပြီး ဈေးလျော့၍ရောင်းခြင်းကြောင့် တရားလိုများ၏ ကျော်ကြားသော ပိုးထည်များနှင့် ပိုးစစ်လွန်းရာကျော်ချိတ်များ၏ ထုပ်လုပ်ဖြန့်ဖြူးမှုလျော့ကျသွားသဖြင့် တရားလိုများ၏ စီးပွားရေးနှင့်နာမည်ကောင်း၊ တံဆိပ်အမှတ်အသားကို လျော်ကြေးဖြင့် ပေးချေ၍ မရနိုင်လောက်အောင် ထိခိုက်နစ်နာဆုံးရှုံးသဖြင့် (၁၅-၉-၂၀၁၄)ရက်နေ့နှင့် နောက်ပိုင်း

မိတ္တူကူးစာရေး

မှစ၍ တရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ပြီး တရားလိုတို့၏ နစ်နာမှုအရပ်ရပ်အတွက် ငွေကျပ်သိန်း(၁၀၀)ရထိုက်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်တို့က အဆိုလွှာအပိုဒ်(၁)(၂)(၃)ပါ စကားရပ်များ မှန်ကန်ကြောင်း သက်သေပြရန်တာဝန်မှာ တရားလိုများတာဝန်ဖြစ်ကြောင်း၊ အဆိုလွှာအပိုဒ်(၄)မှန်ကန်မှုမရှိကြောင်း၊ တရားပြိုင်များသည် ၁၉၈၅ခုနှစ်မှစ၍ ယက္ကန်းလုပ်ငန်း၊ ပိုးထည်လုပ်ငန်း၊ အမျိုးသမီးဝတ်၊ အမျိုးသားဝတ်တို့ကို တရားပြိုင်များ၏ တာဝန်ယူလုပ်ကိုင်သူ မထိုက်ရွှေစင်မှ ဒီဇိုင်းအမျိုးမျိုးဖြင့် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး မြန်မာနိုင်ငံတဝှမ်းလုံးတွင် လူသိများ၊ လူကြိုက်များ ထင်ရှားလာသောကြောင့် မန္တလေးမြို့ မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် (၃-၉-၂၀၁၀)ရက်စွဲဖြင့် မှတ်ပုံတင်စာချုပ်အမှတ်-၅၅၁/၂၀၁၀ဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာတမ်းအမှတ်အသားတံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ်-၂၄၅၃/၂၀၁၂ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်များကို တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်ကို ထုတ်ပိုးထားသည့် အိတ်ခွံများပေါ်တွင် ရွှေလွန်းအိမ်ဟုဖော်ပြပြီး၊ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီထက်ထက်မိုးဦး၏ ပုံပါရှိပြီး မြန်မာနိုင်ငံတဝှမ်းလုံးတွင် တရားပြိုင်က တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ထက်ထက်မိုးဦး၏ ဓါတ်ပုံများဖြင့် ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ ရန်ကုန်ဖြန့်ချိရေးဆိုင်(၁၁-အီး)၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းတွင်ဆိုင်ဖွင့်ရောင်းချလျက်ရှိကြောင်း၊ အဆိုလွှာအပိုဒ် ၅ မှန်ကန်မှုမရှိ၍ တရားပြိုင်များက လိုက်နာရန်တာဝန်မရှိကြောင်း၊ မိမိတရားဝင် မှတ်ပုံတင်ထားသော ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်ကို အမှန်အကန်အသုံးပြုခြင်းသာဖြစ်ပြီး တရားလိုတို့၏ ကုန်အမှတ်တံဆိပ်ကို မတရားသောနည်းဖြင့် ရယူ၍ တုပခြင်းမဟုတ်သောကြောင့် တရားပြိုင်တို့၏ သမာအာဇီဝကျသော လုပ်ငန်းကို တရားလိုတို့က တားမြစ်ပိုင်ခွင့်မရှိကြောင်း၊ တရားလိုတို့၏ အကြောင်းကြားစာကို လိုက်နာမည်မဟုတ်ကြောင်းကိုလည်း အကြောင်းပြန်ကြားထားပြီးဖြစ်ကြောင်း၊ တရားပြိုင်တို့က မိမိတရားဝင်မှတ်ပုံတင်ထားသော ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကို တရားဝင်အသုံးပြုခြင်းဖြစ်၍ တရားလိုများတွင် နစ်နာရန်အကြောင်းမရှိကြောင်း၊ တရားပြိုင်မထိုက်ရွှေစင်က မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀၁၀နှင့် ၂၀၁၂တို့တွင် ရွှေလွန်းအိမ်ပိုးထည်ကို တရားဝင်မှတ်ပုံတင်ထားခြင်းဖြစ်ပြီး တရားလိုတို့ မှတ်ပုံတင်သော ခုနှစ်မှာ ၂၀၁၁ဖြစ်နေကြောင်းပေါ်ပေါက်၍ တရားလိုတို့တောင်းဆိုသော ထာဝရတားဝရမ်းရလိုမှုနှင့် နစ်နာကြေးမရထိုက်ကြောင်း ချေပသည်။

အမရပူရမြို့နယ်တရားရုံးက နှစ်ဖက်တင်ပြသော ပုံများကြော်ငြာများကို နှိုင်းယှဉ်ကြည့်ပါက အမျိုးသမီးများ၏ပုံမှာ အရောင်အသွေးအမျိုးမျိုးဖြစ်ကြသော်လည်း "ရွှေလွန်းအိမ်" အမည်ဖြင့် ရောင်းချခြင်းဖြစ်၍ အဆိုပါ ကုန်အမှတ်တံဆိပ်များမှာ သာမန်အများပြည်သူများ အနေဖြင့် မှားယွင်းဝယ်ယူနိုင်သည့် အနေအထားဖြစ်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တရားပြိုင်တို့သည် တရားလိုတို့၏ ပိုးစစ်လွန်းရာကျော်ချိတ်လုံချည်ထုတ်လုပ်ရေးလုပ်ငန်းတွင် "ရွှေလွန်းအိမ်"အမည်ဖြင့် ထုတ်လုပ်သော "ရွှေလွန်းအိမ်" ပိုးထည်ကုန်အမှတ်တံဆိပ်ကို အများပြည်သူက မှားယွင်းအသုံးပြုနိုင်လောက်အောင် ဆင်တူယိုးမှားတုပ အတုထုတ်လုပ်အသုံးပြုနေသည်မှာမှန်ကြောင်း၊ တရားပြိုင်တို့သည် တရားလိုတို့ "ရွှေလွန်းအိမ်" ပိုးထည်လုပ်ငန်းကုန်အမှတ်တံဆိပ်ကို တုပထုတ်လုပ်အသုံးပြုနေသဖြင့် တရားလိုတို့၏ စီးပွားရေးလုပ်ငန်းထိခိုက်နစ်နာရသည်

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

မှာမှန်ကြောင်း၊ ကွဲပြားခြားနားသည့် အမှတ်အသားတစ်ခုခုကို မိမိတစ်ဦးတည်းကိုယ်ပိုင်အဖြစ် စတင်သုံးစွဲခြင်းအားဖြင့် ယင်းကုန်အမှတ်တံဆိပ်၏ ပိုင်ဆိုင်မှုအခွင့်အရေးကို သုံးစွဲသူရရှိခြင်းဖြစ်ကြောင်း၊ မှတ်ပုံတင်ခြင်းဖြင့် ပိုင်ဆိုင်မှုရရှိခြင်းမဟုတ်ဘဲ မှတ်ပုံတင်သည့်နေ့မှစတင်သုံးစွဲသည်ဆိုသော အချက်ကို အထောက်အကူဖြစ်ကြောင်း၊ တရားလိုတို့သည် "ရွှေလွန်းအိမ်"အမည်ဖြင့် ၂၁-၁-၁၉၉၇နေ့တွင် လုပ်ကိုင်နေကြောင်း ထင်ရှားပေါ်ပေါက်ပြီး တရားပြိုင်များသည် တရားလိုတို့ထက်စောကာ အဆိုပါအမှတ်တံဆိပ်အား အသုံးပြုခဲ့ကြောင်း၊ နှုတ်သက်သေခံချက်မှလွဲ၍ ခိုင်လုံသည့်အထောက်အထား သက်သေခံချက်တင်ပြနိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် တရားလိုတို့သည် ကွဲပြားခြားနားသည့် အမှတ်အသား(ရွှေလွန်းအိမ်)ကို မိမိတစ်ဦးတည်း ကိုယ်ပိုင်အဖြစ် စတင်သုံးစွဲခြင်းအားဖြင့် ယင်းကုန်အမှတ်တံဆိပ်၏ ပိုင်ဆိုင်မှုအခွင့်အရေးရရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားပြိုင်များထံမှ ထာဝရတားဝရမ်းနှင့် နစ်နာကြေးငွေများကို တရားလိုတို့ရထိုက်ခွင့်ရှိကြောင်း သုံးသပ်၍ တရားပြိုင်များထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်အား ဖျက်ဆီးပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်း ထုတ်ပေးစေရန်နှင့် နစ်နာကြေးငွေကျပ်သိန်း(၃၀)အား တရားပြိုင်များက တရားလိုသို့ ပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက မူလရုံးက ရုံးငြင်းချက်များအပေါ် ဖြေကြားချက်များမှာ နှစ်ဖက်သက်သေခံချက်များကို ပြည့်စုံစွာလေ့လာသုံးသပ်ခြင်းမပြုဘဲ တရားလိုပြသက်သေများ၏ အဓိကထွက်ဆိုချက်များမှာ တရားလိုကို ထောက်ခံသော အချက်များနှင့် သက်သေခံစာရွက်စာတမ်းများအနက်(၁)ခုလောက်ကိုသာ ကွက်၍ ဖြေကြားခဲ့ခြင်းဖြစ်သည်။ အမှန်တရားနှင့် ဝေးကွာ၍ မှားယွင်းနေကြောင်း၊ အမှုတွင်ဆင်တူယိုးမှားပြုလုပ်သည်၊ တုပသည်ဆိုသောအချက်ကို ငြင်းချက်(၁)တွင် အလျင်ဆုံးဖြေကြားထားသဖြင့် မည်သူက စတင်သုံးစွဲသည်ကို မသုံးသပ်မဆုံးဖြတ်ရသေးဘဲ ဖြေကြားခဲ့ခြင်းမှာလည်း မှားယွင်းကြောင်း၊ မူလရုံးတရားလို မမော်စု(ခ)မစန်းစန်းနွယ်၏ထွက်ချက်တွင် ရွှေလွန်းအိမ်ပိုးထည်လုပ်ငန်းကို လွန်ခဲ့သောနှစ်(၂၀)ကျော်ကတည်းက ထုတ်လုပ်ရောင်းချကြောင်းထွက်ဆိုထားပြီး၊ ပြန်လှန်စစ်မေးရာတွင် လွန်ခဲ့သောနှစ်၂၀ကျော်ခန့်က လုပ်ကိုင်ခဲ့သည်ဟု ထွက်ဆိုထားသည်မှာမှန်ကြောင်း အတည်ပြုထွက်ဆိုထားပြီး၊ အမရပူရ "ရွှေလွန်းအိမ်" မှာ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်က ၎င်း၏စစ်ကိုင်း "ရွှေလွန်းအိမ်"ထက်စော၍ လုပ်ငန်းလုပ်ကိုင်ခဲ့သည်ကို သိရှိကြောင်းထွက်ဆိုထားကြောင်း၊ (၃)တရားပြိုင်နှင့် မိဘများလက်ထက်(၁၉၈၅)ကပင် "ရွှေလွန်းအိမ်"အမည်သစ်သားဆိုင်းဘုတ်ကလေးဖြင့် လုပ်ငန်းလုပ်ခဲ့သည်ဆိုသောသက်သေခံချက်ကို တရားပြိုင်ပြသက်သေများမှ ထောက်ခံထွက်ဆိုထားကြောင်း၊ တရားလိုကိုယ်တိုင်မှ ဝန်ခံချက်အရပင် "ရွှေလွန်းအိမ်"အမည်ကို လုပ်ငန်း၌စတင်အသုံးပြုခဲ့သူမှာ တရားပြိုင်များဖြစ်ကြောင်း ကောက်ယူသုံးသပ်ရန်ဖြစ်သော်လည်း တရားလို၏ ဝန်ခံချက်ကို မူလရုံးက မျက်ကွယ်ပြု၍ "ရွှေလွန်းအိမ်"အမည်ကို တရားလိုက တရားပြိုင်တို့ထက်စော၍ သုံးစွဲသည့်အကြောင်း ကောက်ယူသုံးသပ်ခြင်းမှာ မှားယွင်းကြောင်း၊ မူလရုံးက အဓိကထားသုံးသပ်ခဲ့ခြင်းမှာ စစ်ကိုင်းမြို့ အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ (၂၁-၉-၁၉၉၇)ရက်စွဲပါ စာအမှတ်-၁၈/စက-၉ပဒေ(၀၅၈) ဆစ/၉၄အရ တရားလိုဒေါ်မော်စုသို့ပေးပို့သော (သက်သေခံ-က)ရွှေလွန်းအိမ်လွန်းရာကျော် အချိတ် ယက္ကန်းဟုဖော်ပြ၍ ခေါ်ယူခဲ့သည်ကို အခြေခံပြီး တရားလိုတို့ကသာ "ရွှေလွန်းအိမ်" ကုန်အမှတ်တံဆိပ်ကို ဦးစွာသုံးစွဲခွင့်ရသည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ သက်သေခံ(၁)

တာဝန်ခံမိတ္တူမှန်

စာနှင့် ဒေါ်မော်စုမှ ပြန်လည်အစီရင်ခံသော သက်သေခံ(က-၁)မှာ မျက်မြင်အားဖြင့် လက်ရေးချင်း တူနေသည်ကို တွေ့ရကြောင်း၊ အမှန်တကယ်ရုံးမှ ထုတ်ပေးသောလက်ရေးနှင့် မမော်စုအစီရင်ခံသော စာပါလက်ရေးတူရန်အကြောင်းမရှိသည့်အပြင် အဆိုပါစာရွက်စာတမ်းအား ဒေါ်မော်စုက ပိုင်သက်သေခံတင်သွင်းခြင်းဖြစ်၍ အမှန်ဖြစ်သည်ဟု သံသယဖြစ်ဖွယ်ရှိကြောင်း၊ တရားပြိုင်နှင့် ပြိုင်ပြသက်သေထွက်ချက်များအရ တရားပြိုင်တို့၏ ဘိုးဘွားများလက်ထက်ကပင် ပိုးထည်လုပ်ငန်း လုပ်ကိုင်ပြီး တရားပြိုင်တို့၏ မိဘများက ၁၉၈၅ခုနှစ်ကစ၍ "ရွှေလွန်းအိမ်"အမည်သစ်သား ဆိုင်းဘုတ်ဖြင့် လုပ်ကိုင်ခဲ့ပြီး မိဘများနိုင်ငံခြားရောက်နေစဉ် (၃)တရားပြိုင်က မိဘလုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့ကြောင်း၊ သက်သေခံတင်သွင်းထားသော လုပ်ငန်းလိုင်စင်နှင့်အခွန်ပေးဆောင်ထားသော ပြေစာများအရ ပေါ်ပေါက်ကြောင်း၊ ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကို တုပ၍ ထင်ရောင်ထင်မှားဖြစ်ကြောင်း သုံးစွဲခြင်းရှိ-မရှိနှင့် စပ်လျဉ်း၍ တရားလိုနှင့် တရားလိုပြသက်သေများကိုယ်တိုင်မှ တရားလိုတို့ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ် အမှတ်အသားတူညီမှု မရှိကြောင်း၊ ထုတ်ပိုးသော ဂျပ်ခွံပုံးပါ အမှတ်အသားများမတူကြောင်းနှင့် အမည်တူခြင်းသာရှိကြောင်း၊ ထင်ရောင်ထင်မှားဖြစ်ခြင်းမရှိဘဲ ကုန်အမှတ်တံဆိပ်နှစ်ခုကို နှိုင်းယှဉ်ပြရာတွင် လုံးဝကွဲပြားခြားနားသည်ဟု ထွက်ဆိုထားကြကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ကြေညာခြင်းကို တရားလိုက ၂၀၁၁ခုနှစ်တွင်ကြေညာ၍ တရားပြိုင်က ၂၀၁၀တွင်ကြေညာခြင်းကြောင့် မှတ်ပုံတင်ခြင်းမှာ တရားပြိုင်ကစောသည်ဟု မြင်သာကြောင်း၊ ထို့အပြင် စာရွက်စာတမ်းသက်သေခံချက်များအရ တရားပြိုင်ဘက်မှလည်းကောင်း၊ တရားလိုဘက်မှလည်းကောင်း၊ မိမိ၏ကုန်အမှတ်တံဆိပ်ကို မူပိုင်ခွင့်သေချာစေရန်အတွက် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ကြေညာစာချုပ် (Declaration)ပြုလုပ်ကြသည်ကို တွေ့ရကြောင်း၊ ထိုသို့ကြေညာခြင်းမှာ အများပြည်သူမှသိရှိရန် ကြေညာခြင်းဖြစ်ကြောင်း၊ (၃)တရားပြိုင် မထိုက်ရွှေစင်သည် (၃-၉-၂၀၁၀)နေ့တွင် မှတ်ပုံတင်စာချုပ်အမှတ်(၅၅၁/၂၀၁၀)အရ ကြေညာခဲ့သည့်အပြင် ၂၀၁၀၊ ၂၀၁၁ထုတ်ဝေသော Fashion မဂ္ဂဇင်းများတွင် စစ်ကိုင်းရွှေလွန်းအိမ်ပိုးထည်နှင့် အမရပူရရွှေလွန်းအိမ်ပိုးထည်တို့နှစ်ဖက်လုံး ကြော်ငြာများထည့်သွင်းခဲ့သည်ကို သက်သေခံ(စ-၁)နှင့် သက်သေခံ-၃၄တို့အရ တွေ့ရှိရကြောင်း၊ တရားလိုမှ ယခုအမှုအား စတင်စွဲဆိုခဲ့သည်မှာ(၁၀-၁၀-၂၀၁၄)နေ့ဖြစ်၍ တရားပြိုင်မှ စာချုပ် စာတမ်းရုံးတွင် မှတ်ပုံတင်ကြေညာပြီး (၄)နှစ်ကျော်မှ တရားစွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ်(၃၆)နှင့် အမှတ်စဉ်(၄၀)တို့တွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလကျော်လွန်ပြီးမှ စွဲဆိုခြင်းဖြစ်ကြောင်း ထင်ရှားနေသဖြင့် မူလမြို့နယ်တရားရုံး ၏စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ ပလပ်သည့်အမိန့်ချမှတ်ပေးပါရန် **ဦးဝင်းဟန် ပါ-၂ နှင့် ဒေါ်ညွှန့်ညွှန့်တင် အမှု**[၁]အား ကိုးကားတင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်များရှေ့နေက ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းတွင် မူလရုံး တရားပြိုင် မထိုက်ရွှေစင်အမည်ဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို မူလရုံးတရားလိုတို့ထက် စော၍ မှတ်ပုံတင်သည်ကိုတွေ့ရသော်လည်း မှတ်ပုံတင်စောကာမျှဖြင့် ထိုကုန်အမှတ်တံဆိပ်ကို မူလရုံးတရားပြိုင်(အယူခံတရားလို)တို့က ဦးစွာအသုံးပြုသည်ဟု သတ်မှတ်နိုင်မည်မဟုတ်ကြောင်း၊ ယနေ့အချိန်ထိ ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မှတ်ပုံတင်ဥပဒေပြဋ္ဌာန်းထားခြင်း

---

၁။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၆(

မိတ္တူမှန်

မရှိကြောင်း၊ သို့ရာတွင် အသုံးပြုခြင်းဖြင့် တံဆိပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်(သို့မဟုတ်) အခွင့်အရေး ရရှိနိုင်သည်ဟု စီရင်ထုံးများထုံးဖွဲ့ထားကြောင်း၊ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ရုံဖြင့် မပိုင်ကြောင်း၊ ကုန်အမှတ်တံဆိပ်ကို လုပ်ငန်းရှင်တစ်ဦးထက်ပို၍ အသုံးပြုနေကြလျှင် ယင်းတံဆိပ်ကို မည်သူက ရှေးဦးစွာအသုံးပြုသည်ဆိုသော အချက်အပေါ်မူတည်၍ ရှေးဦးစွာအသုံးပြုသူက ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ မူလရုံးတရားပြိုင်ဘက်မှ သက်သေခံ(၄)ဖြင့်တင်ပြထားသော လိုင်စင်မူရင်းအရ (၃)တရားပြိုင်မထိုက်ရွှေစင်သည် "ရွှေလွန်းအိမ်"ကုန်အမှတ်တံဆိပ်ကို ၁၉၉၅ခုနှစ်လောက်ကတည်းက သုံးစွဲသည့်အချက်ကို မသုံးသပ်ခဲ့ခြင်းမှာ မှားယွင်းသည့်သဘောတင်ပြထားကြောင်း၊ သက်သေခံ(၄)သည် (၁၃-၉-၂၀၁၄)ရက်စွဲဖြင့် ထုတ်ဝေသော "ရတနာပုံ"သတင်းစာဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်သည့် စာတမ်းအမှတ်အသားမဟုတ်ကြောင်း၊ မူလရုံးတရားပြိုင်များဘက်မှ ယက္ကန်းလုပ်ငန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို သက်သေခံ(၅)မှ သက်သေခံ(၂၃)အထိတင်ပြထားသော်လည်း သက်သေခံ(၅) (၂၈-၂-၂၀၁၀)ရက်စွဲပါ လုပ်ငန်းမှတ်ပုံတင်လက်မှတ်၌ ဖခင်ဦးအေးကြွယ်အမည်သာပါရှိပြီး "ရွှေလွန်းအိမ်"ကုန်အမှတ်တံဆိပ်အမည်မပါရှိကြောင်း၊ (၃)တရားပြိုင်အမည်သည် သက်သေခံအမှတ်(၁၅)(၁၆)(၁၈)တွင်ပါရှိသော်လည်း ရွှေလွန်းအိမ်အမှတ်တံဆိပ်အမည်မပါရှိကြောင်း၊ သက်သေခံအမှတ်၁၈နှင့် ၁၉တွင် (၃)တရားပြိုင်အမည်ပါသော်လည်း ထိုစာရွက်စာတမ်းပါ ရက်စွဲများသည် အမှုစွဲဆိုပြီးနောက်ပိုင်းနေ့ရက်များသာဖြစ်၍ မူလရုံးတရားပြိုင်တို့သည် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကို (၁၉၉၅)ခုနှစ်မှစ၍ သုံးစွဲခဲ့သည်မှာ မဖြစ်နိုင်ကြောင်း၊ မူလရုံးတရားလိုတို့သည် ၁၉၈၇ခုနှစ်မှစ၍ "ရွှေလွန်းအိမ်"ကုန်အမှတ်တံဆိပ်ကို အသုံးပြုခဲ့ပြီး ၇-၄-၂၀၁၁နေ့တွင် သက်သေခံ(ဂ)အရလည်းကောင်း၊ (၂၈-၁၁-၂၀၁၁)နေ့တွင် သက်သေခံ(ဃ)အရလည်းကောင်း၊ မှတ်ပုံတင်ခဲ့ကြောင်း တွေ့ရပြီး၊ ၁၉၉၈/၉၉တွင် သက်သေခံ(ခ) ဖြင့် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ဖြင့် လုပ်ငန်းလိုင်စင်စတင်ရရှိသည်ကိုလည်း တွေ့ရကြောင်း၊ ထို့အပြင် အစိုးရဌာနဖြစ်သည့် စစ်ကိုင်းမြို့အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးမှပေးပို့သော သက်သေခံ(က)အကြောင်းကြားစာအရလည်း မူလရုံးတရားလိုတို့သည် ၁၉၉၇ခုနှစ် ၁လပိုင်းမှစ၍ "ရွှေလွန်းအိမ်"ကုန်အမှတ်တံဆိပ်အမည်ကို တရားဝင်သုံးစွဲကြောင်းပေါ်လွင်ထင်ရှား၍ မူလရုံးက မူလရုံးတရားလိုတို့သည် "ရွှေလွန်းအိမ်"ကုန်အမှတ်တံဆိပ်ကို မူလရုံးတရားပြိုင်များထက်စော၍ ၁၉၉၇ခုနှစ်က အသုံးပြုခဲ့ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုရှိပါကြောင်း၊ မူလရုံးတရားလိုတို့၏ ကုန်အမှတ်တံဆိပ်၏ အောက်ခံအရောင်မှာ အညိုရောင်ဖြစ်ပြီး ရွှေလွန်းအိမ်အမှတ်တံဆိပ်ကို အညိုရောင်ပေါ်တွင် ရိုက်နှိပ်၍ ရွှေလွန်းအိမ်အမည်၏ဘယ်ဘက်တွင်(ယက္ကန်းလွန်းအိမ်ပုံ)နှင့် အဖြူရောင်စာလုံးစစ်ကိုင်းမြို့ဟုလည်းကောင်း၊ ရွှေလွန်းအိမ်အမည်အောက်တွင်အဖြူရောင်ပိုးထည်တိုက်ဟုလည်းကောင်း၊ ၎င်းအောက်တွင် မမော်စု၊ ပွဲထိုင်၊ ပိုးထည်၊ ချည်ထည်လက်လီလက်ကားဟုဖော်ပြ၍ သက်သေခံ(ဂ)နှင့်(ဃ)ကုန်အမှတ်တံဆိပ်အတိုင်း မှတ်ပုံတင်ထားကြောင်း၊ တရားပြိုင်တို့က သက်သေခံ(၂)အရ "ရွှေလွန်းအိမ်ပိုးထည်"ဟုပါရှိပြီး (Logo)အမှတ်အသားမပါရှိကြောင်း၊ ဒုတိယအကြိမ်မှတ်ပုံတင်သည့် သက်သေခံ(၁)အရ ရွှေလွန်းအိမ်အမည်ကို အမှတ်အသားပြုလုပ်ထားသည်ကို တွေ့ရကြောင်း၊ ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ (Logo)တံဆိပ်အမှတ်အသားမတူသော်လည်း မူလရုံးတရားလိုတို့၏ (Logo)အမှတ်အသား(လွန်းအိမ်ပုံ)ဖော်ပြထားရှိသည့် ဘယ်ဘက်နေရာတွင် မူလရုံးတရားပြိုင်

မူရင်းနှင့်မိတ္တူမှန်

တို့က SLA စာထပ်စာလိမ်ကို (Logo)အမှတ်အသားထားရှိကြောင်း ပေါ်ပေါက်၍လည်းကောင်း၊ မူလရုံး တရားလိုတို့သည် ရွှေလွန်းအိမ်အမှတ်တံဆိပ်ကို တစ်ဦးတည်းကိုယ်ပိုင်အဖြစ် (၁၉၉၇) ခုနှစ်ကစ၍ အသုံးပြုခဲ့ကြောင်းပေါ်ပေါက်နေသဖြင့် မူလရုံးတရားလိုများ တောင်းဆိုသည့် အတိုင်း မူလရုံး တရားပြိုင်များအပေါ် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၅၄အရ ထာဝရ တားဝရမ်း ရထိုက်ခွင့်ရှိသဖြင့် မူလရုံးဆုံးဖြတ်ချက်မှန်ကန်ပါသဖြင့် မူလရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး အယူခံမှုအား ပလပ်ပေးပါရန် လျှောက်ထားတင်ပြသည်။

အမှုတွင် အယူခံတရားလိုများရှေ့နေက ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ချေလွှာတွင် ချေပခဲ့ခြင်းမရှိ၊ အယူခံမှုတင်သွင်းရာတွင် အယူခံအကြောင်းပြချက်အဖြစ် တင်ပြခဲ့ခြင်းမရှိသော်လည်း အပြီးသတ်ကြားနာရာတွင်အမှုစွဲဆိုခြင်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ်(၃၆)နှင့် အမှတ်စဉ်(၄၀)တို့အရ ကာလစည်းကမ်းသတ်(၃)နှစ် ကျော်လွန်ကြောင်း တင်ပြထားသည်ကို တွေ့ရသည်။

**"ကွန်ဒိုးမားလ် နှင့် ခေါင်လတ်ရမ်ဗိုက်ရားပရာဘတ်(ရှ်)ဖမ်း"** အမှု[၂]တွင် တရားပြိုင်က ကာလစည်းကမ်းသတ်ကိုအကြောင်းပြု၍ ချေပခြင်းမပြုစေကာမူ ကာလစည်းကမ်းသတ်ကျော်လွန်သောအမှုကို တရားရုံးက ပလပ်ရမည်ဖြစ်ရာ စည်းကမ်းသတ်ပြဿနာတင်ပြခြင်းကို အမှုသည်တစ်ဦးဦးက စွန့်လွှတ်ခြင်းမပြုနိုင်၊ ယင်းပြဿနာကို အောက်ရုံးတွင် စွန့်လွှတ်ခဲ့စေကာမူ နောက်တစ်ဆင့်မြင့်သော တရားရုံးတွင် တင်ပြခွင့်ရှိသည်။ တရားရုံးက မိမိသဘောအလျောက် စီစစ်ဆုံးဖြတ်နိုင်သည်ဟု ညွှန်ပြထုံးဖွဲ့ထားသည့်အပြင် **"ဦးဝင်းဟန် ပါ-၂ နှင့် ဒေါ်ညွန့်ညွန့်တင်"** အမှု[၃]တွင် ကာလစည်းကမ်းသတ်ပြဿနာသည် အမှုတစ်ခုလုံးကို ဆုံးဖြတ်ရန် အရေးပါသော ပြဿနာဖြစ်သည်။ မူလရုံးက ဆုံးဖြတ်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ သို့တည်းမဟုတ် မှားယွင်းဆုံးဖြတ်ခဲ့လျှင်ဖြစ်စေ အမှုတွင် ထင်ရှားပေါ်ပေါက်၍ ဝန်ခံပြီး အချက်ရှိနေလျှင် နောက်ဆုံးအယူခံရုံးကဆုံးဖြတ်နိုင်သည်ဟု ထုံးဖွဲ့ထားသည်။

သို့ဖြစ်ရာ အယူခံတရားလိုရှေ့နေက ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း တင်ပြချက်အပေါ် ရှေးဦးစွာ စိစစ်ရန်လိုပေသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ်(၃၆)နှင့် အမှတ်စဉ်(၄၀)တို့တွင် အောက်ပါ အတိုင်းပြဋ္ဌာန်းထားသည်။

| | တရားမကြီးမှုမျိုးမည် | ဇာန့်သတ်သည့်ကာလ | အစပြုရေတွက်ရမည့်အခါကာလ |
|---|---|---|---|
| ၃၆။ | ပဋိညာဉ်နှင့်မဆိုင်သည်လည်းဖြစ်၍ဤဇယားတွင်အထူးပြဋ္ဌာန်းထားခြင်းမရှိသည်လည်းဖြစ်သော မတရားပြုမှု၊ ဖြစ်ကတတ်ဆန်းပြုမှု၊ ပြုရန်ပျက်ကွက် | နှစ်နှစ် | မတရားပြုမှု၊ ဖြစ်ကဆန်းပြုမှုဖြစ်ရန်ပျက်ကွက်မှုတစ်ခုခုဖြစ်ပွားသည့်နေ့ကစ၍ |

၂။ အေအိုင်အာ၊ ၁၉၄၀၊ လာဟိုး-၇၅

| | | |
|---|---|---|
| မှုတစ်ခုခုအတွက် လျော်ကြေးငွေတောင်းခံမှု | | |
| × × × × × × × × | × × × × × × × × | × × × × × × × × |
| ၄၇။ မှုပိုင်ကိုကျူးလွန်သည့်အတွက်ဖြစ်စေ၊ တစ်ဦးတည်းပိုင်အခွင့်ကို ကျူးလွန်သည့်အတွက်ဖြစ်စေ လျော်ကြေးငွေရလိုမှု။ | သုံးနှစ် | ကျူးလွန်သည့်နေ့ရက်ကစ၍ |

ယင်းဥပဒေ ပထမဇယား အမှတ်စဉ်(၃၆)နှင့် (၄၀)တွင် ရည်ညွှန်းသောအမှုမှာ ပထမဇယားတွင်အထူးပြဋ္ဌာန်းထားခြင်းမရှိသော မတရားပြုမှု၊ ဖြစ်ကတတ်ဆန်းပြုမှု၊ ပြုရန်ပျက်ကွက်မှုတစ်ခုခုအတွက် လျော်ကြေးတောင်းခံမှုနှင့်မှုပိုင် (သို့မဟုတ်)တစ်ဦးတည်းပိုင်အခွင့်ကို ကျူးလွန်သည့်အတွက် လျော်ကြေးငွေရလိုမှုဖြစ်သည်။

မူလရုံးတရားလိုစွဲဆိုသောအမှုမှာ တရားလိုများပိုင် ကုန်အမှတ်တံဆိပ်အမှတ်အသားကို ဆင်တူယိုးမှား၊ တုပပြုလုပ်သည့် တရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်အားဖျက်ဆီးစေပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချမှုမပြုလုပ်ရန်အတွက် တားဝရမ်းရလိုမှုနှင့် နစ်နာကြေးရလိုကြောင်း စွဲဆိုသည့်အမှုဖြစ်ကြောင်း တွေ့ရသည်။

လျော်ကြေးငွေ(သို့မဟုတ်) နစ်နာကြေးငွေသက်သက် ရလိုကြောင်းစွဲဆိုမှုမဟုတ်ပေ။

သို့ဖြစ်ရာ မူလရုံးတရားလိုစွဲဆိုသော အမှုသည်ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၃၆နှင့် အမှတ်စဉ် ၄၀တို့နှင့်အကျုံးဝင်ခြင်းမရှိကြောင်း မြင်သာပေသည်။

**"Nanyang Industry Ltd (ယင်းတာဝန်ခံကိုယ်စားလှယ်ဦးစန်းဦး)နှင့် Gold Asia Rubber Manuftacturing" အမှု**[၃]တွင် ကုန်အမှတ်တံဆိပ် ပယ်ဖျက်ပေးစေလိုမှုနှင့် ပတ်သက်၍ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားတွင် ပြဋ္ဌာန်းချက်မရှိပါက ယင်းဥပဒေပထမဇယား အမှတ်စဉ် ၁၂၀နှင့် သက်ဆိုင် မည်ဖြစ်ကြောင်း ဆုံးဖြတ်ထားသည်ကို လေ့လာတွေ့ရှိရသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

| တရားမကြီးမှုမျိုးမည် | ကန့်သတ်သည့်ကာလ | အစပြု၍ရေတွက်ရမည့်အခါကာလ |
|---|---|---|
| ၁၂၀။ ဤဇယား၏အခြားနေရာများတွင် စည်းကမ်းသတ်ကာလအပိုင်းအခြားပြဋ္ဌာန်းချက်မပါသည့် တရားမကြီးမှု | ခြောက်နှစ် | တရားစွဲဆိုပိုင်ခွင့်ရသည့်အခါကစ၍ |

တာဝန်ခံမိတ္တူမှန်
(signature) ၂၀.၁၂.၂၀၁၉
ဆန္ဒဝင်းရဲအောင်
ရုံးအုပ်/ဒေသကြီးတရားလွှတ်တော်

၃။ ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၄၈(၃ပါးစုံညီ)၊ (ရန်ကုန်)

မိတ္တူကူးစာရေး

အမှုတွင် တရားပြိုင်များဘက်မှ ရွှေလွန်းအိမ်အမည်ဖြင့် ကုန်အမှတ်တံဆိပ်ကို စာချုပ်စာတမ်းရုံးတွင် ၃-၉-၂၀၁၀နေ့တွင် မှတ်ပုံတင်၍ ရွှေနိုင်ငံမဂ္ဂဇင်းတွင် တရားလို၊ တရားပြိုင်နှစ်ဖက်လုံး ရွှေလွန်းအိမ်အမည်ဖြင့် ကြော်ငြာခြင်းသည် ၂၀၁၁ခုနှစ်ဖြစ်၍ ထိုကုန်အမှတ်တံဆိပ်ဖျက်သိမ်းပေးရန် တရားစွဲဆိုပိုင်ခွင့်သည် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သည့် ၃-၉-၂၀၁၀နေ့ရက်ကစ၍လည်းကောင်း၊ ရွှေနိုင်ငံမဂ္ဂဇင်းတွင် ကြေညာသည့် ၂၀၁၁ခုနှစ်ကစ၍လည်းကောင်း ရေတွက်ရမည်ဖြစ်ရာ မူလရုံးတရားလိုမှ (၁၀-၁၀-၂၀၁၄)နေ့တွင် တရားစွဲဆိုခြင်းသည် (၆)နှစ်အတွင်း တရားစွဲဆိုခြင်းဖြစ်သဖြင့် စည်းကမ်းသတ်ကာလအတွင်း ကျရောက်၍ တရားပြိုင်များ ရှေ့နေက ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း တင်ပြချက်ကို လက်မခံနိုင်ပေ။

မူလရုံးအမှုတွဲ ပေါ်ပေါက်ချက်အား စိစစ်ရာ မူလရုံးတရားလိုများနှင့် မူလရုံးတရားပြိုင်တို့သည် "ရွှေလွန်းအိမ်"အမည် ကုန်အမှတ်တံဆိပ်သုံးစွဲ၍ ပိုးထည်၊ ချည်ထည် ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းလုပ်ကိုင်ကြခြင်းနှင့်စပ်လျဉ်း၍ ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်မှုကို အငြင်းပွားနေကြခြင်းဖြစ်သည်ကို တွေ့ရသည်။

ကုန်အမှတ်တံဆိပ်(**Trade mark**)ဆိုသည်မှာ တစ်ဦးတစ်ယောက်သောသူ၏ ထုတ်လုပ်ကုန်စည်ဖြစ်ကြောင်းကိုဖော်ပြရန် အသုံးပြုသော အမှတ်အသားကို ကုန်အမှတ်တံဆိပ်(**Trade mark**)ဟုခေါ်သည်။ (ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၇၈ကို ကြည့်ပါ)။

အဆိုလွှာ၊ အချေလွှာအရ မူလရုံးတရားလို(၂)ဒေါ်စန်းစန်းနွယ်က "ရွှေလွန်းအိမ်" တံဆိပ်အမည်အမှတ်အသားဖြင့် စစ်ကိုင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇-၄-၂၀၁၁နေ့တွင် (သက်သေခံ-ဂ)စာချုပ်ဖြင့်လည်းကောင်း၊ မူလရုံးတရားလို(၁)ဦးခင်မောင်တင့်က "ရွှေလွန်းအိမ်" ပိုးထည်တိုက်ကုန်အမှတ်တံဆိပ်ဖြင့် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၁-၁၁-၂၀၁၁ နေ့တွင် (သက်သေခံ-ဃ)စာချုပ်ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်များ ချုပ်ဆို၍ ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ခဲ့ကြောင်းနှင့် (၃)တရားပြိုင်ဒေါ်ထိုက်ရွှေစင်က "ရွှေလွန်းအိမ်" ပိုးထည်ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၃-၉-၂၀၁၀နေ့တွင် (သက်သေခံ-၂)စာချုပ်ဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာသား "**Shwe Loom Aim**" ပိုးထည်ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ၇-၉-၂၀၁၂နေ့တွင် (သက်သေခံ-၁) စာချုပ်ဖြင့် လည်းကောင်း၊ မှတ်ပုံတင်ကြေငြာစာတမ်းစာချုပ်များ ချုပ်ဆို၍ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခဲ့ကြောင်း အငြင်းမပွားပေါ်ပေါက်သည်။

မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ သို့ရာတွင် ကုန်အမှတ်တံဆိပ်အသုံးပြုခြင်းဖြင့် ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် သို့မဟုတ် အခွင့်အရေးရရှိနိုင်ကြောင်း **ဦးကျော် နှင့် ဦးဘအေး အမှု**[၇]တွင် ထုံးဖွဲ့ထားသည်။

မူလရုံးအမှုတွင် အဆိုလွှာ၊ အချေလွှာအရ "ရွှေလွန်းအိမ်" အမည်ကုန်အမှတ်တံဆိပ်ကို တရားလို၊ တရားပြိုင်နှစ်ဖက်လုံးက သုံးစွဲ၍ ပိုးထည်၊ ချည်ထည်များ ထုတ်လုပ်ရောင်းချနေကြောင်းပေါ်ပေါက်နေရာ အဆိုပါ "ရွှေလွန်းအိမ်"အမည်ကုန်အမှတ်တံဆိပ်ကို မည်သူကစတင်အသုံးပြုခဲ့သည်ဆိုသည့်အချက်ကို စိစစ်ရမည်ဖြစ်သည်။

တရားလိုများ အဆိုလွှာတွင် "ရွှေလွန်းအိမ်"ပိုးထည်တိုက် ကုန်အမှတ်တံဆိပ်ဖြင့်

---

[၇] ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၈၇(ရုံးချုပ်

၁၉၈၇ခုနှစ်ကတည်းက စစ်ကိုင်းမြို့တွင် ပိုးထည်အမျိုးမျိုးနှင့် ပိုးစစ်လွန်းရာကျော်အချိတ်အမျိုးမျိုးကိုကိုယ်တိုင်ထုတ်လုပ်၍ မြန်မာပြည်အနှံ့ရောင်းချရာ ယနေ့အထိဖြစ်ကြောင်း၊ တရားလိုများ၏ ကုန်အမှတ်တံဆိပ်အမှတ်အသားကို တရားပြိုင်တို့က အများပြည်သူမှ မှားယွင်းအသုံးပြုနိုင်လောက်အောင် ဆင်တူယိုးမှားပြုလုပ်ထားသည့် "ရွှေလွန်းအိမ်" ပိုးထည် (အမရပူရ)ကုန်အမှတ်တံဆိပ်စာသားပုံစံတို့ကိုတုပပြုလုပ်ပြီး ၂၀၁၂ခုနှစ်မှစ၍ စစ်ကိုင်းမြို့အပါအဝင် အခြားနယ်များသို့ ဖြန့်ချီရောင်းချနေသည်ကို သိရကြောင်း အဆိုပြုထားသည်။

တရားပြိုင်တို့၏ ချေလွှာတွင် "ရွှေလွန်းအိမ်"ဟူသော ကုန်အမှတ်တံဆိပ်အမည်ကို ၎င်း၏မိဘဘိုးဘွားများလက်ထက်ကပင် ယက္ကန်းစင်များဖြင့် လုပ်ငန်းလုပ်၍ ၁၉၈၅ခုနှစ်မှစတင်ကာ ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကို အသုံးပြုခဲ့ကြောင်း၊ တရားလိုတို့၏ စွပ်စွဲပြောဆိုချက်များသည် အထောက်အထားမဲ့ဖြစ်ကြောင်း ချေပထားသည်။

နှစ်ဖက်သက်သေခံချက်များအား စိစစ်ရာ ရွှေလွန်းအိမ်အမည်ကုန်အမှတ်တံဆိပ်ကို မည်သူက စတင်အသုံးပြုခဲ့သည်ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ နှစ်ဖက်တင်ပြသော နှုတ်သက်သေခံချက်များအပြိုင်ဖြစ်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နှစ်ဖက်တင်ပြထားသော သက်သေခံစာရွက်စာတမ်းများတွင် ဖော်ပြထားချက်အရ စပ်ဟပ်သုံးသပ်အဖြေရှာမှသာ "ရွှေလွန်းအိမ်"အမည်ကုန်အမှတ်တံဆိပ်ကို မည်သူက စတင်သုံးစွဲသည်ဆိုသည့် အဖြေမှန်ကို ရရှိမည်ဖြစ်သည်။

မူလရုံးတရားလိုများမှ ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်မှုနှင့်စပ်လျဉ်း၍ ၂၁-၁-၁၉၉၇ ရက်စွဲပါ အလုပ်သမားဝန်ကြီးဌာန၊အလုပ်ရုံ နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ အကြောင်းကြားစာကို သက်သေခံ-က၊ မူလရုံးတရားလို(၂)ဒေါ်မော်စုက အလုပ်ပိုင်ရှင်အနေဖြင့် ပေးပို့သည့်အစီရင်ခံစာကို သက်သေခံ(က-၁)၊ စစ်ကိုင်းမြို့စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးထားသော ၁၉၉၈/၉၉မှ ၂၀၁၂-၂၀၁၃အထိ လုပ်ငန်းလိုင်စင်များကို သက်သေခံ(ခ)မှ သက်သေခံ(ခ-၇)အထိ စာရွက်စာတမ်းအထောက်အထားများ တင်ပြထားသည်။

မူလရုံးတရားပြိုင်များဘက်မှ ၂၈-၂-၂၀၁၁ရက်စွဲဖြင့် ထုတ်ပေးထားသော တရားပြိုင်များ၏ ဖခင်ဦးအေးကြွယ်အမည်ဖြင့် ထုတ်ပေးထားသော ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို သက်သေခံ(၅)၊ ၁၉၉၅၊ ၂၀၀၂၊ ၂၀၀၃ မှ ၂၀၀၈-၂၀၀၉အထိ အမရပူရမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးအေးကြွယ်အမည်ဖြင့် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များကို သက်သေခံ(၆)မှ သက်သေခံ(၉)အထိလည်းကောင်း၊ အမရပူရမြို့နယ်၊ မြို့နယ်အခွန်ဦးစီးဌာနမှ ၂၀၀၄-၂၀၀၆၊ ၂၀၀၇နှင့် ၂၀၁၄ခုနှစ်များအတွက် ဦးအေးကြွယ်အမည်ဖြင့် မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် လက်မှတ်များကို သက်သေခံ(၁၀)မှ (၁၃)၊ အမရပူရမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၀၁-၂၀၀၂မှ ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်အထိ နှစ်စဉ်အခွန်အကြေ ပေးသွင်းသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာကို သက်သေခံ(၁၄)၊ အမရပူရမြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနက မထိုက်ရွှေစင်အမည်ဖြင့် ၂၆-၅-၂၀၁၅နေ့တွင် ထုတ်ပေးထားသော မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပေးသည့်လက်မှတ်ကို သက်သေခံ(၁၅)၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၃-၁၀-၂၀၁၄ရက်စွဲဖြင့် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို သက်သေခံ(၁၆)၊ ၆-၄-၂၀၁၆ရက်စွဲဖြင့်ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို သက်သေခံ(၁၇)၊

စာဝန်ခံမိတ္တူမှန်
မြန်မာနိုင်ငံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၁-၉-၂၀၁၅ရက်စွဲနှင့် ဦးအေးကြွယ်(သမီး)ထိုက်ရွှေစင်အမည်ဖြင့် ဝင်ငွေခွန်ထမ်းဆောင်ထားသည့်ပြေစာကို သက်သေခံ(၁၈)နှင့် (၁၉)၊ ၁၇-၈-၂၀၁၅ရက်စွဲဖြင့် ဦးအေးကြွယ် အမည်ဖြင့် ဝင်ငွေခွန်ထမ်းဆောင်ထားသောပြေစာတို့ကို သက်သေခံ(၂၀)နှင့်(၂၁)၊ ဦးအေးကြွယ် အမည်ဖြင့် ၂၀၁၂-၂၀၁၃အတွက် အမြတ်ခွန်ကုန်သွယ်ခွန်ထမ်းဆောင်ထားသည့် ပြေစာကို သက်သေခံ(၂၂)အဖြစ် တင်ပြထားသည်။

နှစ်ဖက်တင်ပြထားသော စာရွက်စာတမ်းများသည် သက်ဆိုင်ရာ အစိုးရဌာနများက ထုတ်ပေးထားသော စာရွက်စာတမ်းများဖြစ်၍ စာရွက်စာတမ်းများ၏ စစ်မှန်မှုကို သံသယဖြစ်ရန် အကြောင်းမရှိသော စာရွက်စာတမ်းများဖြစ်သည်။

အထက်ဖော်ပြပါ စာရွက်စာတမ်းများအရ စိစစ်ရာ တရားလိုဘက်မှ သက်သေခံ(က)အဖြစ်တင်ပြထားသော ၂၁-၉-၁၉၉၇ရက်စွဲပါ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ မူလရုံးတရားလို(၂)ထံ အကြောင်းကြားသည့်စာတွင် ဒေါ်မော်စု (ပိုင်ရှင်)ရွှေလွန်းအိမ်လွန်းရာကျော်အချိတ်ယက္ကန်း၊ မြို့သစ်ရပ်၊ စစ်ကိုင်းမြို့ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုပါ သက်သေခံ(က)စာနှင့်ပတ်သက်၍ အယူခံတရားလိုရှေ့နေက သက်သေခံ(က)နှင့် သက်သေခံ(က-၁)လက်ရေးတူနေ၍ ထိုစာရွက်စာတမ်းအမှန်ဖြစ်သည်ဟု သံသယဖြစ်ရန် အကြောင်းရှိကြောင်း လျှောက်ထားတင်ပြခဲ့သော်လည်း တရားလိုမှအဆိုပါ စာရွက်စာတမ်းအား သက်သေခံတင်သွင်းရာတွင် အဆိုပါ အချက်ကို ပြန်လှန်စစ်မေးခဲ့ခြင်းမရှိသည့်အပြင် အယူခံအကြောင်းပြချက်တွင်လည်း ထည့်သွင်းတင်ပြထားခြင်းမရှိပေ။ ၎င်းအပြင် အဆိုပါ စာမှတ်စာတမ်းသည် သက်ဆိုင်ရာ အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာန ရုံးတံဆိပ်ရိုက်နှိပ်၍ ဦးစီးအရာရှိ စည်းတံဆိပ်ရိုက်နှိပ်ထားပြီး လက်မှတ်ရေးထိုးထားသော စာဖြစ်ရာ အဆိုပါစာနှင့် စပ်လျဉ်း၍ အယူခံတရားလိုများရှေ့နေက စစ်မှန်မှုကို သံသယ ဖြစ်ရန်အကြောင်းရှိကြောင်း တင်ပြချက်ကို လက်မခံနိုင်ပေ။ သို့ဖြစ်ရာ အဆိုပါ စာတွင်ဖော်ပြထားချက်အရဆိုပါက မူလရုံးတရားလိုတို့သည် ရွှေလွန်းအိမ်ကုန်အမှတ်တံဆိပ်ကို ၁၉၉၇ခုနှစ်ကထဲက သုံးစွဲခဲ့သည်ဟု ကောက်ယူနိုင်ပေသည်။

မူလရုံးတရားပြိုင်ဘက်မှ တင်ပြထားသော သက်သေခံ(၅)မှ သက်သေခံ(၁၀)နှင့် သက်သေခံ(၁၄)တို့တွင်လုပ်ငန်းလုပ်ကိုင်သူအမည်မှာ ဦးအေးကြွယ်ဟုဖော်ပြထား၍ "စက်ယက္ကန်းလုပ်ငန်း"ဟုဖော်ပြထားပြီး "ရွှေလွန်းအိမ်"အမည်ဖော်ပြထားခြင်းမရှိပေ။ သက်သေခံ(၁၅)၊(၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)နှင့် (၂၁)စာရွက်စာတမ်းများတွင်သာ ရွှေလွန်းအိမ်အမည်ဖော်ပြထားသည်ကို တွေ့ရပြီး အဆိုပါစာရွက်စာတမ်းများကို ထုတ်ပေးထားသည့်ရက်စွဲများမှာ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ခုနှစ်များဖြစ်သည်ကို တွေ့ရသည်။ အဆိုပါ သက်သေခံစာရွက်စာတမ်းများတွင် ဖော်ပြချက်များအရဆိုပါက မူလရုံးတရားပြိုင်တို့က ရွှေလွန်းအိမ်အမည်ကုန်အမှတ်တံဆိပ်ကို တရားလိုတို့ထက်အရင် (၁၉၈၅)ခုနှစ်ကထဲက သုံးစွဲခဲ့သည်ဟု ကောက်ယူသုံးသပ်နိုင်မည် မဟုတ်ပေ။

ဤအခြေအနေတွင် မူလရုံးက ရွှေလွန်းအိမ်အမည်ကုန်အမှတ်တံဆိပ်ကို စတင်အသုံးပြုသူသည် မူလရုံးတရားလိုတို့ဖြစ်ကြောင်း ကောက်ယူသုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိပေ။

တာဝန်ခံမိတ္တူမှန် အမှုတွင် နှစ်ဖက်တင်ပြထားသော သက်သေခံ(ဂ)နှင့် သက်သေခံ(ဃ)၊ သက်သေခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ... တရားလွှတ်တော်ချုပ် (stamp)
၃၀.၁၂.၂၀၁၈
ဖွဲ့စည်းဥပဒေ ... ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(၁)နှင့် သက်သေခံ(၂) မှတ်ပုံတင်ကြေငြာစာတမ်းစာချုပ်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်တို့အရလည်းကောင်း၊ ပိုးထည်ထည့်သည့် ဂျပ်ဘူးပါကုန်အမှတ်တံဆိပ်၊ မဂ္ဂဇင်းစာအုပ်များတွင် ကြော်ငြာထားသော ကုန်အမှတ်တံဆိပ်တို့အရ တရားလိုများနှင့် တရားပြိုင်တို့သည် "ရွှေလွန်းအိမ်" ဟူသောအမည်ကို အဓိကထား၍ ကုန်အမှတ်တံဆိပ်ပြုလုပ်ထားကြခြင်းဖြစ်သည်ကို တွေ့ရသည်။

တရားလိုဘက်မှ ကုန်အမှတ်တံဆိပ်မှာ အောက်ခံအညိုရောင်ဖြစ်ပြီး ရွှေလွန်းအိမ် အမှတ်တံဆိပ်ကို အညိုရောင်ပေါ်တွင် ရွှေလွန်းအိမ်အမည်စာလုံးကြီးဖြင့် ဖော်ပြထားပြီး ဘယ်ဖက်ပေါ်တွင် ယက္ကန်းလွန်းအိမ်နှင့် အဖြူရောင်စာလုံး ရွှေလွန်းအိမ်ဟုဖော်ပြထားပြီး အောက်ဖက်တွင် အဖြူရောင်ဖြင့် ပိုးထည်တိုက်(ပင်ရင်း)၊ ၎င်းအောက်တွင် ပွဲတက်ဝတ်စုံ၊ ချိတ်အမျိုးမျိုး၊ ပွဲတက်၊ ကျားဝတ်ပုဆိုးအမျိုးမျိုး၊ ပိုးစစ်ချိတ်၊ ပိုးဖဲချိတ်၊ ပိုးယုံချိတ်လက်လက်လီလက်ကားအရောင်းဆိုင် ပင်ရင်းဌာန၊ ဦးခင်မောင်တင့်+မမော်စု လွန်းရာကျော်ပိုးစစ်ချိတ်၊ နန်းဦးမြို့သစ်အရှေ့ပိုင်း၊ စစ်ကိုင်းမြို့ ဆင်များရှင်ဘုရားမြောက်ဘက်၊ ပန်းဘဲတန်းရပ်၊ စစ်ကိုင်းမြို့ဟုဖော်ပြထားပြီး အောက်တွင် ဖုန်းနံပါတ်များ ဖော်ပြထားသည်ကို တွေ့ရသည်။

တရားပြိုင်များဘက်မှ ကုန်အမှတ်တံဆိပ်မှာ အဖြူရောင်နောက်ခံပေါ်တွင် "ရွှေလွန်းအိမ်"စာလုံးအား ပုံနှိပ်စာလုံးအကြီးဖြင့် ဖော်ပြထားပြီး (၃)တရားပြိုင်ဒေါ်ထိုက်ရွှေစင် အမည်ဖြင့် ၃-၉-၂၀၁၀နေ့တွင်လည်းကောင်း၊ အဖြူရောင်အောက်ခံပေါ်တွင် **SLA(Logo)** တံဆိပ်အောက်တွင် အင်္ဂလိပ်စာသားဖြင့် **Shwe Loom Aim** ပိုးထည်တိုက်ဟုလည်းကောင်း၊ ဖော်ပြထားပြီး (၇-၉-၂၀၁၂)နေ့တွင် မှတ်ပုံတင်ထားသည်ကိုတွေ့ရပြီး ရုပ်ရှင်မင်းသမီး အကယ်ဒမီ ထက်ထက်မိုးဦးပုံများဖြင့် မဂ္ဂဇင်းများတွင် ကြော်ငြာထားသည်ကို တွေ့ရသည်။

ကုန်အမှတ်တံဆိပ်ကိုအတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်း ထပ်တူထပ်မျှ တူညီရန်မလို၊ အမှတ်တံဆိပ်နှစ်ခုကို ယှဉ်၍ကြည့်လျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တစ်ခုနှင့်တစ်ခုဆင်တူယိုးမှားဖြစ်လောက်အောင် ဆင်တူမှုရှိလျှင် အတုပြုလုပ်ခြင်းမြောက်ပေသည်။ **ဦးမောင်မောင်(ခ)အလီဘိုင် နှင့် ဒေါ်ခင်သန်းမြင့် အမှု**[5] ကိုကြည့်ပါ။

ထို့အပြင် တံဆိပ်အစစ်နှင့် အတုသည် အသေးစိတ်အချက်အားလုံး ထပ်တူညီရန်မလို။ အဆိုပါတံဆိပ်နှစ်ခုတူနေခြင်းသည် အချင်းဖြစ်ကုန်ပစ္စည်းကို ရောင်းချရန်ရည်စူးသော လူအများအား လှည့်ဖြားရန် စီမံမှုပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်စေရန် ဥပဒေအရ လုံလောက်ကြောင်း **ဂေါ်ရှမ်းဆွတ် နှင့် အီး၊ စီ၊ မဒါး၊ ဘရားသား(စ်) အမှု**[6]တွင် ထုံးဖွဲ့ထားသည်။

အထက်ဖော်ပြပါ စီရင်ထုံးပါ ညွှန်ပြချက်အရဆိုလျှင် ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုခြင်းဟုတ်-မဟုတ်မှာ ယင်းတံဆိပ်ပါရှိသော ကုန်ပစ္စည်းကို ဝယ်ယူသုံးစွဲသူများက ထင်ရောင်ထင်မှားဖြစ်-မဖြစ်အပေါ်တွင် မူတည်ပေသည်။ ကုန်အမှတ်တံဆိပ်ချင်း ထပ်တူတူရန် လိုမည်မဟုတ်ပေ။ သာမန်ပြည်သူတို့အနေဖြင့် သုံးစွဲနေကျပစ္စည်းကို မှားယွင်းသုံးစွဲမိရန် အကြောင်း ...ဝယ်ယူသုံးစွဲသူက ထင်ရောင်ထင်မှား ဖြစ်-မဖြစ်အပေါ်တွင် မူတည်ပေသည်။

တရားလိုများက အသုံးပြုသော ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်

---

၅။ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၂

၆။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၆

များအသုံးပြုသော ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်တို့မှာ ကုန်အမှတ်တံဆိပ်(၂)ခုအား နှိုင်းယှဉ်ကြည့်ရှုလျှင် ထပ်တူထပ်မျှတူညီခြင်းမရှိဘဲ ကွဲပြားသည့်အချက်များရှိသော်လည်း "ရွှေလွန်းအိမ်" ဆိုသော အမည်တစ်ခုတည်းကို အဓိကထား၍ နှစ်ဖက်လုံးမှ ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်၍ "ရွှေလွန်းအိမ်" ပိုးထည်၊ ချည်ထည်အဖြစ် အမျိုးအမည်တူသော ပစ္စည်းကို ထုတ်လုပ်ရောင်းချနေကြခြင်းဖြစ်ရာ သာမန်ပြည်သူများအနေဖြင့် အမြင်အားဖြင့် ဆင်တူမှုရှိနေသဖြင့် အထင်အမြင်များကာ ရောယှက်သုံးစွဲနိုင်သည့် အနေအထားဖြစ်ကြောင်း တွေ့ရသည်။

ဤအခြေအနေတွင် တရားလိုတို့သည် "ရွှေလွန်းအိမ်"ပိုးထည်တိုက် ကုန်အမှတ်တံဆိပ်ကို တရားပြိုင်တို့ထက် နောက်ကျ၍ မှတ်ပုံတင်ခဲ့သော်လည်း "ရွှေလွန်းအိမ်"ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ တရားပြိုင်တို့ထက်အရင် ၁၉၉၇ခုနှစ်ကထဲက ပိုးထည်ချည်ထည်များကို ထုတ်လုပ်ရောင်းချခဲ့ခြင်းဖြစ်ရာ **ဦးကျော်နှင့် ဦးဘအေးအမှု**[၇]တွင် ထုံးဖွဲ့ထားချက်အရ ကုန်အမှတ်တံဆိပ်ကို တရားပြိုင်တို့ထက်အရင် သုံးစွဲခဲ့ခြင်းဖြင့် အဆိုပါ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ တရားလိုတို့က ပိုင်ဆိုင်ခွင့် သို့မဟုတ် အခွင့်အရေးအရင်ရရှိထားသူများဖြစ်ရာ အဆိုပါကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ တရားပြိုင်တို့အနေဖြင့် ထုတ်လုပ်ရောင်းချခွင့်ရှိမည်မဟုတ်ပေ။

အထက်ပါအတိုင်း ပေါ်ပေါက်နေသည့်အခြေအနေတွင် တရားလိုတို့၏ "ရွှေလွန်းအိမ်"ပိုးထည်တိုက်ကုန်အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှားဖြစ်သော ကုန်အမှတ်တံဆိပ်ဖြင့် တရားပြိုင်တို့က ကုန်ပစ္စည်းထုတ်လုပ်ရောင်းချခြင်းသည် တရားလိုတို့အနေဖြင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းတွင် ငွေကြေးပေးလျော်စေခြင်းသည် လုံလောက်သောသက်သာခွင့်ဖြစ်မည်မဟုတ်သော ထိပါးမှုဖြစ်၍ ထိုသို့မပြုလုပ်ရန် ထာဝရတားဝရမ်းနှင့် နစ်နာကြေးရထိုက်ကြောင်း မူလရုံးက သုံးသပ်ဆုံးဖြတ်၍ ဒီကရီချမှတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ်(၅၀၀၀ိ/-) သတ်မှတ်သည်။

(ဒေါ်လှမြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

မိတ္တူမှန်ကြောင်း
ဦးကျော်စိုး
၁၀-၂-၂၀၁၉
အကြီးတန်းစာရေး
ဒီဗွီဇန်းကြီးတရားရုံး

မိတ္တူကူးခသီး